# သွေးအုပ်စု



"မစို့မပို့ အနည်းအကျဉ်းသော ဗဟုသုတသည် အန္တရာယ်ဖြစ်၏"တဲ့။

ဖေလင်းသစ် ဘယ်က ကြားဖူးတာလဲ မသိပါဘူး။ မှတ်စုစာအုပ်ထဲ ကူးပြီး ရေးထားတာ ရှိတယ်။

ဖေလင်းသစ်ရဲ့ သူငယ်ချင်း မောင်မောင်ဇော်ခမျာ အဲဒီမစို့မပို့ ဗဟုသုတကြောင့် စိတ်ဒုက္ခခံစားနေရပါရောလား။ သူ့မိန်းမ ရှယ်လီက သွေး"ဘီ"အုပ်စု၊ မောင်မောင်ဇော်ကလည်း သွေး"ဘီ"အုပ်စု၊ အခု မွေးလာတဲ့သူ့သားက သွေး "အေ"အုပ်စု ဖြစ်နေတယ်။ သွေး"ဘီ"အုပ်စု အဖေနဲ့ အမေပေါင်းရင် မွေးလာတဲ့ကလေးက သွေး "ဘီ"အုပ်စုနဲ့ "အို"အုပ်စုပဲဖြစ်ရမယ်လို့ သူသိတယ်။ အဲဒီတော့ အိပ်မပျော် စားမဝင် ဖြစ်စေတော့တာပေါ့။

တစ်နေ့မှာတော့ အောင့်အည်းသည်းမခံနိုင်တော့ဘဲ သူ့မိန်းမ ရှယ်လီကို အဲဒီပြဿနာ ရင်ဖွင့်ချလိုက်တယ်။ ရှယ်လီရဲ့အဖြေကတော့လည်း အရှင်းသား။

""တစ်ခုခုမှားလို့ နေမှာပေါ့တော်။ ရှင့်သွေး ပြန်စစ်ကြည့်။ "ဘီ"သွေးပဲ သေချာရင် ဒီကလေးက ရှင့်ကလေးမဟုတ်လို့ပဲ။ ဆေးခန်းမှာ ကလေးချင်းလည်း မှားနိုင်တာပဲ။ မှားနိုင်တာတွေကတော့ အများကြီးပဲ။ ရှင်က ကလေးချင်း ပြန်တည့်ချင်တာလား။ ကလေးအဖေ ပြန်တည့်ချင်တာလား""

☺